

# မဆုံးနိုင်သေးသော ဥပဒေအရ ကင်းလွတ်ခွင့်

## မြန်မာအစိုးရစစ်တပ်၏ ကချင်ပြည်သူများအပေါ် ဆက်လက်ကျူးလွန်နေသည့် ချိုးဖောက်မှုများ။

# မာတိကာ


အကျဉ်းချုပ် ---------------------------------------------------------------- 4

နိဒါန်း ---------------------------------------------------------------------5

နောက်ခံသမိုင်းကြောင်း ------------------------------------------------------ 6

အစီရင်ခံစာပြုစုသည့်ပုံစံ -------------------------------------------------------7

လူ့အခွင့်အရေးချိုးဖောက်မှုများ နောက်ဆုံးအခြေအနေ --------------------- 8

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ------------------------------------------------ 9

အတင်းအဓမ္မပေါ်တာဆွဲခြင်း ------------------------------------------------11

သတ်ဖြတ်ခြင်း --------------------------------------------------------------12

ဖြစ်ရပ်မှန်လေ့လာချက် -------------------------------------------------------12


အခြေခံလူ့အခွင့်အရေးကို ချိုးဖောက်ခြင်း ----------------------------------15

နိုင်ငံတွင်းအိုးအိမ်မဲ့ပြည်သူများ၏ အခြေအနေ --------------------------------16

အကြံပြုချက်များ ------------------------------------------------------------17




2011 ခုနှစ် ဇွန်လမှ စတင်၍ ဖြစ်ပွားသော လူ့အခွင့်အရေးချိုးဖောက်မှု ပြမြေပုံ



# အကျဉ်းချုပ်

ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) နှင့် မြန်မာအစိုးရတို့ကြား ၁၇ နှစ်ကြာ ရပ်စဲထားသည့် အပစ်အခတ်ရပ်စဲရေး မနှစ်ကစ၍ ပျက်ပြယ်သွားပြီးနောက် မြန်မာစစ်တပ်က အရပ်သားပြည်သူများအပေါ် ချိုးဖောက်မှု နောက်ဆက်တွဲကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ ပဋိပက္ခအတွင်း ပေါ်တာဆွဲခံရသော၊ လိင်ကျေးကျွန်အဖြစ် အသုံးချခံခဲ့ရသော၊ အစုလိုက်မုဒိမ်းကျင့်ခံရပြီး သတ်ဖြတ်ခံခဲ့ရသော အမျိုးသမီးများ၏ ကိုယ်တွေ့ခံစားချက်များကို ယခု အစီရင်ခံစာက အဓိက အလေးထားမှတ်တမ်းတင်ထားသည်။

ပဋိပက္ခစတင်ခဲ့ကတည်းက ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ မြန်မာစစ်တပ်များ အင်အားအလုံးအရင်းနှင့် အင်အားဖြည့်ခဲ့သည်။ ကေအိုင်အေကို တိုက်ခိုက်ရန် ယခုလောလောဆယ်တွင်ပင် တပ်ရင်း ၁၅၀ ကျော်ကို အသုံးပြုလျက်ရှိသောကြောင့် ဒေသအတွင်း မြန်မာစစ်တပ်အင်အား သုံးဆတိုးလာခဲ့သည်။ ၎င်းမြန်မာစစ်တပ် တပ်ရင်းများသည် အရပ်သားပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ဒေသခံ ရွာသားများကို ကြောက်လန့်တကြား ထွက်ပြေးအောင်လုပ်ခြင်း စသည်တို့ကြောင့် ကျေးလက်ဒေသများများတွင် လူဦးရေ သိသိသာသာ နည်းပါးလာခဲ့သည်။

မြန်မာစစ်တပ်သည် မုဒိမ်းကျင့်မှုအား စစ်လက်နက်တခုအဖြစ် စနစ်တကျ အသုံးပြုလျက်ရှိသည့် အထောက်အထား ခိုင်ခိုင်မာမာ ရှိသည်။ ယမန်နှစ်တွင် ကချင်အမျိုးသမီးအစည်းအရုံး (KWAT) သည် လိင်ပိုင်းဆိုင်ရာတိုက်ခိုက်မှုခံခဲ့ရသော အမျိုးသမီး ၄၃ ဦးကို မှတ်တမ်းတင်နိုင်ခဲ့ပြီး ၎င်းတို့အနက် ၂၁ ဦး အသတ်ခံခဲ့ရသည်။ မုဒိမ်းကျင့်မှုကို နေရာအနှံ့အပြားတွေ့ရသည်။ မြန်မာစစ်တပ် တပ်ရင်း (၁၀) ရင်းက မြို့နယ် ၁၃ တွင်မုဒိမ်းကျင့်မှုကျူးလွန်ခဲ့သည်။စစ်အရာရှိများအတွက်အမျိုးသမီးများကိုလိင်ကျေးကျွန်အဖြစ် ပြောင်ပြောင်တင်းတင်း ဖမ်းဆီးအသုံးချနေသည်ကို တွေ့ရသည့်အပြင် ဘုရားရှိခိုးကျောင်းအတွင်း အုပ်စုလိုက်မုဒိမ်းကျင့်မှုလည်း ဖြစ်ပွားခဲ့သည်။

အဆိုပါရာဇဝတ်မှုများအတွက် ဥပဒေအရကင်းလွတ်ခွင့်အပြည့်ရှိနေသည်။ မြန်မာစစ်တပ်က ဖမ်းဆီးသွားသော ကချင်အမျိုးသမီးတဦး၏ ခင်ပွန်းသည်က တရားစွဲဆိုသောအခါတွင် နေပြည်တော်ဗဟိုတရားရုံးချုပ်က တရားလို တင်ပြသော သက်သေအထောက်အထားကိုပင် ကြားနာခြင်းမရှိပဲ အမှုကို ပယ်ချခဲ့သည်။

အရပ်သားပြည်သူများအပေါ် ဆက်လက်ချိုးဖောက်နေမှုများရှိနေခြင်းကြောင့်ကချင်ပြည်နယ် အတွင်း နိုင်ငံတွင်းအိုးအိမ်မဲ့လှည့်လည်နေထိုင်သူပြည်သူပေါင်း ၇၅၀၀၀ အထိ တိုးများလာခဲ့သည်။ ပြည်သူအများစုသည် တရုတ်နယ်စပ်တလျှောက် ယာယီစခန်းများတွင် ခိုလှုံနေကြပြီး နိုင်ငံတကာအထောက်အပံ့ မဆိုသလောက်သာ ရရှိသည်။

KWAT သည် နိုင်ငံတကာအသိုင်းအဝန်းအား ဆက်လက်ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ရှုံ့ချရန်၊မြန်မာအစိုးရအား နိုင်ငံအဟုမ်းအပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ရန်အတွက် ဆက်လက် ဖိအားပေးရန်၊ တိုင်းရင်းသားဒေသများတွင် တပ်ဆွဲထားသော မြန်မာစစ်တပ်များ ဆုတ်ခွာရန်အတွက် ဖိအားပေးရန် နှင့် စစ်မှန်သော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ရန်အတွက် ညီညွတ်သောတိုင်းရင်းသားများဖယ်ဒရယ်ကောင်စီ(UNFC) နှင့် ဆွေးနွေးမှုမှုများ စတင်ရန်အတွက် မြန်မာအစိုးရကို ဖိအားပေးရန် တောင်းဆိုသည်။



# နိဒါန်း

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) က *မြန်မာနိုင်ငံ၏ ဖုန်းကွယ်စစ်ပွဲ၊ ကချင်တိုင်းရင်းသားများ အပေါ် ချိုးဖောက်မှုများ* အမည်ရသော အစီရင်ခံစာထုတ်ဝေပြီး ခုနစ်လ အတွင်း ကချင်တိုင်းရင်းသားများအတွက် အခြေအနေ တစုံတရာ တိုးတက်လာခြင်း မရှိသေးပေ။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ လွှတ်တော်အမတ်များအဖြစ် ရွေးချယ်ခံရခြင်း အပါအဝင် မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအခြေအနေသည် "အရှိန်အဟုန်ကောင်းကောင်းနှင့် ပြောင်းလဲနေသည်" ဟူ၍ နိုင်ငံတကာအသိုင်းအဝန်းက ကောင်းချီးသြဘာ ပေးနေကြသည့်အချိန်တွင် ထိုတိုးတက်မှုများသည်ပဋိပက္ခများဖြစ်ပွားနေရာတိုင်းရင်းသားဒေသများအတွင်းသို့ သက်ရောက်ခြင်းမရှိသည်ကို အထင်းသားမြင်တွေ့နေရသည်။ မလုံခြုံမှု၊ ဖိနှိပ်မှုများ တစစ ပိုခံစားနေရသော ကချင်တိုင်းရင်းသားများ၏ အဖြစ်ကို သာဓကထား ကြည့်နိုင်သည်။

မြန်မာစစ်တပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) အကြား တနှစ်ကြာ လက်နက်ကိုင်ပဋိပက္ခ တကျော့ပြန် ဖြစ်ပွားနေသော်လည်း တိုက်ခိုက်မှုများ အရှိန်လျော့သွားသည့်အနေအထားမရှိသေးသည့်အပြင်ဒေသတွင်းတခုလုံးတွင်လူ့အခွင့်အရေးချိုးဖောက်မှုများ အနံ့အပြား ဖြစ်ပေါ်နေခြင်း၊ နိုင်ငံတွင်း အိုးအိမ်မဲ့ပြည်သူ အနည်းဆုံး ၇၅၀၀၀ အထိ တိုးများလာခြင်း စသည်တို့ကို မြင်တွေ့ရသည်။ နိုင်ငံတွင်းအိုးအိမ်မဲ့ပြည်သူအများစုသည် တရုတ်နယ်စပ် ယာယီဒုက္ခသည်စခန်းများတွင် ခိုလှုံနေကြသည်။

ယခုအစီရင်ခံစာသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ဖက်ပိုင်းအတွင်း နောက်ဆုံး အခြေအနေများကို ဖော်ပြထားသည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှု၊ ဥပဒေမဲ့သတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှုများအပါအဝင် ကချင်တိုင်းရင်းသားများအပေါ် ဆိုးဆိုးဝါးဝါး ချိုးဖောက်မှုများကိုလည်း ယခုအစီရင်ခံစာ တွင် မှတ်တမ်းတင်ထားသည်။ လွတ်လပ်စွာကိုးကွယ်ခွင့် အပါအဝင် ကချင်တိုင်ရင်းသားများ၏ အခြေခံ အခွင့်အရေးများ ချိုးဖောက်ခံနေခြင်းကိုလည်း ဖော်ပြထားသည်။ အစီရင်ခံစသည် နိုင်ငံတကာ အသိုင်းအဝန်းအား ကချင်တိုင်းရင်းသား များအပါအဝင် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအားလုံးကို အကာအကွယ်ပေးရန်ပါ တောင်းဆိုထားသည်။

မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် သောမတ်စ်ဟိုဂျေးကင်တာနာက ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် သူ့ခရီးစဉ် အဆုံးသတ်မိန့်ခွန်းတွင် " လက်ရှိဖြစ်နေတဲ့ တင်းမာမှုတွေ၊ နယ်စပ်ဒေသတွေမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ပဋိပက္ခဖြစ်နေတာတွေ၊ အထူးသဖြင့် ကချင်ဒေသတွင်းမှာ ဖြစ်နေတဲ့ တိုက်ခိုက်မှုတွေ အပေါ် စိုးရိမ်ချက်တွေကို ကျနော့်ခရီးစဉ်တလျှောက် လုံးမှာတွေ့ခဲ့ရပါတယ်။ အရပ်သား ပြည်သူတွေအပေါ် တိုက်ခိုက်မှုတွေ၊ ဥပဒေမဲ့သတ်ဖြတ်မှုတွေ၊ လိင်းပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ၊ နိုင်ငံတွင်း အိုးအိမ်မဲ့ဖြစ်မှု တွေ၊မြေယာသိမ်းဆည်းမှုတွေ၊ လူသားဒိုင်းအဖြစ်အသုံးပြုတောတွေ၊ ကလေးစစ်သားအသုံးပြုတာတွေ၊ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းတာအပြင် ပေါ်တာဆွဲတာ အစရှိတဲ့ ဆိုးဝါးတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ လက်နက်ကိုင် ပဋိပက္ခကာလအတွင်းမှာ ဆက်လက်ဖြစ်ပေါ်နေတယ်ဆိုတာနဲ့ပတ်သက်ပြီး ကျနော်ထံ အစီရင်ခံမှုတွေ ရှိနေပါတယ်။" ဟု ပြောဆိုခဲ့သည်။

ဒီမိုကရေစီရှိသော တိုင်းပြည်တခုတွင် ထိုကဲ့သို့သော ချိုးဖောက်မှုများ မရှိသင့်ပေ။ နိုင်ငံတကာအသိုင်းအဝန်း အနေနှင့်လည်း မြန်မာစစ်တပ်အား ထိုကဲ့သို့ ရာဇဝတ်မှုများ ချိုးဖောက်နေခြင်းကို အဆုံးသတ်နိုင်းရန် မြန်မာအစိုးရကို တောင်းဆိုရမည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက လွှတ်တော်သို့ ပြောကြားသည့်မိန့်ခွန်းတွင် "ကချင်ပြည်နယ်အတွင်း အခြေအနေများသည် တခြားတိုင်းရင်းသား အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်များ အောင်အောင်မြင်မြင်နှင့် ရယူနိုင်သော အခြေအနေများနှင့် မတူကွဲပြားနေသည်။ အပစ်အခတ်ရပ်စဲရေး နှင့် နိုင်ငံရေးသဘောတူညီချက်သည် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများဆောင်ကျဉ်းပေးနိုင်သည်ဟူသော အခွင့်အရေးကို ကချင်ပြည်သူများလည်း အများတန်းတူ ရသင့်သည်။" ဟု ပြောဆိုခဲ့သည်။

# နောက်ခံသမိုင်းကြောင်း

၂၀၁၁ ခုနှစ် ဇွန်လ (၉) ရက်နေ့တွင် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO)၏စစ်ရေးလက်တံဖြစ်သော ကချင်လွတ်လပ်ရေးတပ်မတော် (KIA) က တပ်ဆွဲထားသော စခန်းတခုကို မြန်မာစစ်တပ်က ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ KIO အား ၁၉၆၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ကချင်တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် နိုင်ငံရေး အခွင့်အရေးများ တောင်းဆိုတိုက်ပွဲဝင်နေသော တော်လှန်ရေး အဖွဲ့အစည်းတခုဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် KIA နှင့် မြန်မာစစ်တပ်အကြား ၁၉၉၄ ခုနှစ်တွင်ချုပ်ဆိုထားခဲ့သော အပစ်အခတ်ရပ်စဲရေးစာချုပ် ပျက်ပျယ်သွားခဲ့သည်။

ကနဦးတိုက်ပွဲဖြစ်ပွားသည့်နေရာသည် တရုတ်ကုမ္ပဏီများက ရေအားလျှပ်စစ်ထုတ် ရေကာတာများစွာ တည်ဆောက်နေ ဆဲဖြစ်သည့် တာပိုင်မြစ်နံဘေးတွင် ဖြစ်သည်။ မြန်မာစစ်တပ်သည် ကချင် နှင့် ရှမ်းပြည်နယ် နယ်စပ်မျဉ်းပေါ်တွင်ရှိသော မဟာဗျူဟာမြောက်နေရာမှ KIA အား ရှင်းထုတ်ချင်သည့် အပြင် စီးပွားရေးအရ အမြတ်အစွန်းကောင်းကောင်းရမည့် တရုတ်ရင်းနှီးမြှုပ်နှံ မှုများအတွက်လည်း ထိုဒေသကို ထိန်းချုပ်ထားလို၍ ဖြစ်သည်။

KIA အား အပြီးသတ်ချေမှုန်းလိုခြင်း နှင့် ကချင်ပြည်နယ်အတွင်းရှိ ပေါကြွယ်သော သယံဇာတများကို လက်ဝါးကြီးအုပ်လိုခြင်းသည် ပဋိပက္ခဆက်ဖြစ်နေရခြင်း၏ အဓိကတွန်းအားတခုဖြစ်သည်။ ပို၍ ဆိုးသည်မှာ နိုင်ငံခြား ကော်ပိုရေးရှင်းများသည် လက်နက်ကိုင်တိုက်ပွဲများ ဖြစ်နေသည့်တိုင် ၎င်းတို့၏ အကြီးစား သဘာဝအရင်းအမြစ် ထုတ်ယူရေးလုပ်ငန်းများကို ရှေ့ဆက်တိုးလုပ်ဆောင်ရန် ဆက်လက်တွန်းအားပေး နေကြသဖြင့်ပဋိပက္ခကို ပိုအားပေးရာ ရောက်နေသည်။

သမ္မတ ဦးသိန်းစိန်က မြစ်ဆုံရေကာတာတည်ဆောက်ခြင်းအား ရပ်ဆိုင်းလိုက်သည်ဟု တရားဝင် ကြေငြာခဲ့သော်လည်း China Power Investment ကုမ္ပဏီသည် ဧရာဝတီမြစ်နှင့် ၎င်းမြစ်လက်တံများတွင် ရေကာတာကြီး ခုနစ်ခု ဆက်လက်တည်ဆောက်ရန် ပြင်ဆင်နေသည်။ တချိန်တည်းတွင် တရုတ်အမျိုးသား ရေနံထုတ်လုပ်ရေး ကော်ပိုရေးရှင်း (China National Petroleum Corporation) သည် ရခိုင်ပြည်နယ်မှ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ ပို့ဆောင်ရန်အတွက် ရှမ်းပြည်မြောက်ပိုင်းမှဖြတ်၍ ရေမ ပိုက်လိုင်းကြီးများ တည်ဆောက်နေသည်။



အဆိုပါ ကုမ္ပဏီများသည် လက်ရှိဖြစ်နေသော ပဋိပက္ခကို မျက်ကွယ်ပြုနေခြင်းသာမက ၎င်းတို့ စီးပွားရေးလုပ်ငန်းများကို လုံခြုံရေးပေးနေသော မြန်မာစစ်တပ် တပ်ဖွဲ့များက ကျူးလွန်နေသော လိင်အကြမ်းဖက်မှု အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုပါ မသိကျိုးကျွံပြုနေခြင်း ဖြစ်သည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် သမ္မတဦးသိန်းစိန်သည် မြန်မာ့တပ်မတော်ကို KIA အားထိုးစစ်ဆင် တိုက်ခိုက်နေခြင်းကို ရပ်ဆိုင်းရန် အမိန့်ပေးခဲ့သည်။ သမ္မတကြီးက ၂၀၁၂ ဇန်နဝါရီလတွင်လည်း နောက်ထပ်တခါ အလားတူ အမိန့်ထပ်ပေးခဲ့သည်။ သို့သော် စစ်တပ်ထိုးစစ်များ ရပ်ဆိုင်းခြင်း အလျင်းမရှိသည့် အပြင်စစ်တပ်တွင် သမ္မတအမိန့်အားလိုက်နာရန် သဘောထားရှိသည် ဟူသော လက္ခဏာကိုပင် မတွေ့ရပေ။ တိုက်ပွဲများဖြစ်ပွားရာဒေသ အတွင်းသို့ နောက်ထပ်တပ်ကူများ စေလွှတ်ခဲ့သည် အပြင်မဟာဗျူဟာမြောက်ပစ်မှတ်များကို ရဟတ်ယဉ် များနှင့်ပါ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထို့အပြင် မြန်မာစစ်တပ်သည် သံသယဖြစ်ဖွယ် ဓါတုလက်နက်များကိုပင် ဆက်လက် သုံးစွဲနေသည်။ KIO နှင့် ဦးသိန်းစိန်အစိုးရ ကိုယ်စားလှယ်များသည် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သော်လည်းသဘောတူညီချက် တစုံတရာမရရှိသေးပေ။



ငြိမ်းချမ်းရေးဆွေးနွေးပွဲများဆသို့ ဆက်လက်သယ်ဆောင်သွားနိုင်ရေးအတွက် မြန်မာ စစ်တပ်များကို ကချင်ဒေသ အတွင်းမှ ဆုတ်ခွာပေးရန် KIA က တောင်းဆိုထားသော်လည်း KIA လိုင်ဇာ ဌာနချုပ်ကို မြန်မာစစ်တပ်က သဲကြီးမဲကြီး စတင်တိုက်ခိုက်ခဲ့သော ဧပြီလအလယ်မှစ၍ တိုက်ခိုက်မှုများ အရှိန်ကောင်းလာခဲ့သည်။ မြန်မာ့တပ်မတော် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်က မေလ (၈) ရက်နေ့တွင် သူ့၏ တပ်ဖွဲ့များသည် "KIA ကို အပြတ်တိုက်" မည်ဟု ထုတ်ဖော်ပြောဆိုခဲ့သဖြင့် ကချင်တိုင်းရင်းသားပြည်သူများ၏ နိုင်ငံရေးစိုးရိမ်ချက်များကို တရားဝင်ဖြေရှင်းပေးမည့် အပစ်အခတ် ရပ်စဲရေးသဘောတူစာချုပ်တခု ရရှိမည့် အရိပ်အယောင် အတော်နည်းပါးနေသည်။

# အစီရင်ခံစာပြုစုသည့်ပုံစံ

ယခုအစီရင်ခံစာသည် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကိုယ်တွေ့ခံစားခံရသော (သို့မဟုတ်) မျက်မြင်တွေ့ခဲ့ရသော ဒေသခံပြည်သူများ၏ထွက်ဆိုချက်များနှင့် KWAT အချက်အလက် ကောက်ယူများထံသို့ လာရောက်ပြောပြသူများ၏ အချက်အလက်များ အပေါ် အခြေခံရေးသားထား ခြင်းဖြစ်သည်။ယခုအစီရင်ခံစာပါ ဖြစ်ရပ်မှန်လေ့လာချက်များ၊ သတင်း အချက်အလက်များသည်

လွန်ခဲ့သည့်နှစ်တလျှောက်လုံး ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်အတွင်း အချက်အလက်ကောက်ယူသူများက စုဆောင်းရရှိခဲ့သော တွေ့ဆုံမေးမြန်းခြင်းများမှ ရရှိခြင်း ဖြစ်သည်။ အချက်အလက် ကောက်ယူသော သုတေသနပြုသူများအား လူ့အခွင့်အရေးအခြေခံမှုများ၊ အချက်အလက် ကောက်ယူခြင်းနှင့် အစီရင်ခံ တင်ပြခြင်း စံသတ်မှတ်ချက်နှင့်ပတ်သက်၍ KWAT ကလေ့ကျင့် သင်ကြားပေး သည်။ အချက်အလက် စုဆောင်း သူများသည် ဒေသခံပြည်သူများက ယုံကြည်မှုရှိလာပြီး ၎င်းတို့ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ (သို့မဟုတ်) မျက်မြင်တွေ့ရှိချက်များအား ယုံယုံကြည်ကြည်ဖြင့် ဖွင့်ပြောလာရန် အချိန်ယူဆောင်ရွက်ခဲ့ရသည်။ ယခုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသော လူ့အခွင့်အရေးချိုးဖောက်မှု သာဓကများသည် ကျူးလွန်ခံရသူ တဦးချင်း၏ ဖြစ်ရပ်မှန်များ ဖြစ်သည်။

ကချင်ပြည်နယ်နှင့် မြောက်ပိုင်းရှမ်းပြည်နယ်အတွင်း အခြေအနေသည် လုံခြုံမှုမရှိခြင်းနှင့် တိုက်ခိုက်မှု များ ဖြစ်နေခြင်း ကြောင့် နေရာတော်တော်များများကိုသွားလာ၍မရသာ ဖြင့် အချက်အလက်ကောက်ယူ သူများသည် ချိုးဖောက်မှုများ၏ အကန့်အသတ်တခုကိုသာ မှတ်တမ်းတင်နိုင်ခဲ့သည်။ အချက်အလက် ကောက်ယူသူများ လက်လှမ်း မမီသော နေရာများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပွား နေနိုင်သလို တချို့အခြေအနေများတွင် ကျူးလွန်ခံရသူသည် ၎င်း၏ အတွေ့အကြုံများကို လူသိ ရှင်ကြားထုတ်ဖော် မပြောလိုသည့် အခြေအနေများလည်း ရှိသည်။ ထို့ကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုတခုနှင့်ပတ်သက်ပြီး သတင်းအချက်အလက်မရှိခြင်းအား ချိုးဖောက်မှုများ မဖြစ်ဟူ၍ ကောက်ချက်မချသင့်ပေ။ အလားတူပင် ကချင်ပြည်နယ် (သို့မဟုတ်) ရှမ်းပြည်မြောက်ပိုင်းတချို့ ဒေသများ အတွင်း အဖြစ်အပျက်များ ဖော်ပြနိုင်ခြင်းမရှိသည်ကို ထိုဒေသများတွင် လူ့အခွင့်ရေး ချိုးဖောက် မှုများ ဖြစ်ပွားခြင်း မရှိဟူ၍လည်း သတ်မှတ်၍ မရနိုင်ပေ။

## လူ့အခွင့်အရေးချိုးဖောက်မှုများ နောက်ဆုံးအခြေအနေ

မြန်မာနိုင်ငံ၏ ဖုန်းကွယ်ထားသော စစ်ပွဲ၊ ကချင်တိုင်းရင်းသားများအပေါ် ချိုးဖောက်မှုများ အမည်ရ သောအစီရင်ခံစာတွင် KWAT သည် ကချင်ပြည်နယ်နှင့် မြောက်ပိုင်း ရှမ်းပြည်နယ်တွင် ဖြစ်ပွားနေသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် လူသားမျိုးနွယ်တခုလုံးအားဆန့်ကျင်သော ရာဇဝတ်မှု နှင့် စစ်ရာဇဝတ်မှုများ မြောက်သည်ဟု တင်ပြခဲ့သည်။ ကောက်ယူရရှိသော အချက်အလက်များအရ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ညှင်းပန်းနှိပ်စက်မှု၊သတ်ဖြတ်မှု နှင့် အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု စသည့်ချိုးဖောက်မှုများသည် ကျယ်ကျယ်ပြန့်ပြန့် နှင့် စနစ်တကျ ဖြစ်ပေါ်သည့်အချက်ကို တွေ့ရှိရသည်။ ပို၍ဆိုးသည်မှာ လွန်ခဲ့သော ခုနစ်လအတွင်း အနည်းငယ်ပြောင်းလဲမှုသာ ဖြစ်ထွန်းခဲ့ပြီး ယခုအစီရင်ခံစာပါ မှတ်တမ်းများအရ အထက်ဖော်ပြပါ လူ့အခွင့်အရေးချိုးဖောက်မှု လေးမျိုးအပါအဝင် တခြားသော ချိုးဖောက်မှုများသည် ပုံမှန်ဆက်လက်ဖြစ်ပေါ်နေသည်ကိုတွေ့ရှိရသည်။ထို့အပြင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ကြီး (Human Rights Watch) နှင့် လူ့အခွင့်အရေးဆိုင်ရာ သမားတော်များအဖွဲ့(Physicians for Human Rights) တို့ကလည်း ကချင်တိုင်းရင်းသား အရပ်သားပြည်သူများအပေါ် ဆိုးဆိုးဂါးဂါး လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အသေးစိတ် တင်ပြထားသော အစီရင်ခံစာများ ထုတ်ဝေခဲ့သည်။



# လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

မြန်မာစစ်တပ်သည် မုဒိမ်းကျင့်မှုအား စစ်လက်နက်တခုသဖွယ် ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။ ၂၀၁၁ ခုနှစ် ဇွန်လ ပဋိပက္ခ စတင်ဖြစ်ပွားခဲ့သည့် အချိန်မှစ၍ မြန်မာစစ်တပ်က လိင်အကြမ်းဖက် တိုက်ခိုက်ခဲ့သော အမျိုးသမီး နှင့် မိန်းကလေး ၄၃ ဦးကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုအမျိုးသမီး ၄၃ ဦးအနက် ၂၁ ဦးသည် အသတ်ခံခဲ့ရသည်။

မုဒိမ်းကျင့်မှု ချိုးဖောက်မှုကို တပ်ရင်း (၁၀) ရင်းက မြို့နယ် ၃၂ မြို့နယ်တွင် ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ခဲ့သည်။ ဖြစ်ရပ်တော်တော်များများတွင် အမျိုးသမီးများကို မြန်မာစစ်တပ် တပ်ဖွဲ့များက ပေါ်ပေါ်တင်တင် လိင်ကျေးကျွန်အဖြစ် ဖမ်းဆီးထိန်းသိမ်းထားသည်ကို ကြည့်ခြင်းအားဖြင့် စစ်တပ်အရာရှိများသည် ဥပဒေအရကင်းလွတ်ခွင့်ကို စိတ်ချလက်ချ ရရှိနေသည်ကို မြင်တွေ့နိုင်သည်။ ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမှ တခြားအမျိုးသားများနှင့်အတူ အမျိုးသမီး ငယ်နှစ်ဦး ပေါ်တာအဆွဲခံခဲ့ပြီး မြို့တော် တောင်ဖက်ခြမ်း တောင်ကုန်းများတလေ ၂၂ဂက် စစ်သားအင်အား ရာနှင့်ချီသော လှုပ်ရှားစစ်ကြောင်းတွင် လိုက်ပါခဲ့ရသည်။ ထို့နောက် ညဖက်ရောက်သည့်အချိန်တွင် ရက်သတ္တပတ် ပေါင်းများစွာကြာ ဆက်တိုက် အုပ်စုလိုက်မုဒိမ်းကျင့်ခံခဲ့ရသည့် အဖြစ်ကို ကြည့်ခြင်းအားဖြင့် စစ်သားများတွင် ဥပဒေအရကင်းလွတ်ခွင့်ရှိနေသည်ကို မြင်တွေ့နိုင်သည်။

ထိုချိုးဖောက်မှုကို မျက်မြင်တွေ့ခဲ့သူ အမျိုးသားပေါ်တာတဦးက အောက်ပါအတိုင်း ပြောပြခဲ့သည်။

"*တတိယမြောက်ညကြတော့ အရာရှိတွေက ကောင်မလေးနှစ်ယောက်ကို စမုဒိမ်းကျင့်တယ်။ တညလုံး တနေရာကနေ တနေရာ လှည့်ပြီး သူတို့နှစ်ယောက် မုဒိမ်းကျင့်ခံရတယ်။ နောက်နေ့မနက်ကြတော့ လမ်းတောင်ကောင်းကောင်းမလျှောက်နိုင်တာ ကျနော်တွေ့ရတယ်။ ကောင်မလေးတယောက် စစ်သားတဲကနေ ငိုပြီးထွက်လာတာ ကျနော်တွေ့ရတယ်။ နောက်တယောက်ကတော့ တော်တော်နွမ်းနေတဲ့ပုံပဲ။ သစ်ပင်ကိုမှီပြီးရပ်နေတယ်။*

*ကျနော်တို့က စစ်သားတွေနဲ့ အတူတူနေရတော့ အရာရှိတွေ နေတဲ့နေရာနဲ့ နည်းနည်းလှမ်းပေမဲ့ အကုန်လုံးကို ရှင်းရှင်းလင်းလင်း မြင်ရပါတယ်။*

*နောက်နေ့မနက်ကျတော့ ဗိုလ်ကြီးက ကောင်မလေး နှစ်ယောက်ထဲက တယောက်ကို သူနဲ့ အတူရေချိုးဖို့ခေါ်တယ်။ အဲဒီဗိုလ်ကြီးက မြစ်ကြီးနားအခြေစိုက်တပ်ရင်းကပဲ။ ဘာကြောင့်လဲဆိုတော့ သူ့ဘက်တံဆိပ်ကို ကျနော်သိတယ်။ သူရေချိုးဖို့ ပေါ်တာတွေအားလုံးက ရေထမ်းပေးရတယ်။ ကိုယ်လုံးတီး ရေချိုးတယ်။ ကောင်မလေးကိုလည်း သူ့ကို တကိုယ်လုံး ဂျီးတွန်းခိုင်းတယ်။ မျက်နှာသုတ်ပဝါနဲ့လည်း သူ့တကိုယ်လုံး သုတ်ပေးရတယ်။ သူလည်းချိုးပြီးရော ကောင်မလေးကို ကိုယ်လုံးတီး ရေချိုးခိုင်းတယ်။ သူပြောသလို မလုပ်ရင် သတ်ပစ်မယ်လို့လည်း ကောင်မလေးကို ခြိမ်းခြောက်တယ်။ အားလုံးမြင်နိုင်တဲ့ လူမြင်ကွင်းမှာ ကောင်မလေး ရေချိုးရတယ်။*

*တမနက်ကြတော့ ကောင်မလေး အရာရှိတယောက်ရဲ့ တဲကနေ ပြေးထွက်လာတာ ကျနော်တွေ့ရတယ်။ ကောင်မလေးကငိုပြီး ဒူးထောက်ပြီး ဆုတောင်းနေချိန်မှာ ကောင်မလေးခေါင်းကို ရိုက်လိုက်ပြီး "လာဆုတောင်းမနေနဲ့၊ နင့်ကို လာမကယ်ဘူး။ ဘယ်မှာလည်း နင်တို့ဘုရား။ ပြောတော့ နင်တို့ဘုရားက ဘာမဆိုလုပ်ပေးနိုင်တယ်ဆို။ အခုသူဘယ်မလဲ။" ပြောတယ်။ ပြီးတော့ မျက်နှာကို ထပ်ရိုက်တယ်။ ကောင်မလေးသွားတချောင်း ထွက်သွားပြီး၊ မျက်နှာယောင်လာတာ ကျနော် တွေ့တယ်။*

*နေ့လည် ကျနော်တို့ (ပေါ်တာ) တွေ ထမင်းစားချိန်ကြတော့ စစ်သားတွေဟာ မြင်းဆေးတွေသောက်ပြီး သူတို့ကို တိရိစ္ဆာန် တွေလိုပဲ မုဒိမ်းကျင့်တယ်လို့ ကောင်မလေးတွေက ပြောပြတယ်။"*

နောက်ထပ် ဖြစ်ရပ်တခုတွင် အသက် ၂၈နှစ်အရွယ် ရွှယ်ဂျာအား မြန်မာစစ်သားများက တရုတ်မြန်မာနယ်စပ် လိုဂျီမြို့အနီး စိုက်ခင်းအတွင်း အလုပ်လုပ်နေစဉ် ခင်ပွန်းသည်၊ ယောက်ခမတို့နှင့်အတူ ဖမ်းဆီးသွားခဲ့သည်။ ခင်ပွန်းသည်နှင့် ယောက်ခမဖြစ်သူ ထွက်ပြေးလွတ်မြောက်သွားသော်လည်း ရွှယ်ဂျာကိုတော့ ခမရ ၃၂၁ တပ်တည်ရာ လူဘန်းတပ်ကုန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး၊ ချုပ်နှောင်ထားခဲ့သည်။ ထိုစခန်းတွင် အလုပ်လုပ်ပေးရသော ကချင်အမျိုးသားပေါ်တာများက ရွှယ်ဂျာနှင့် တခြားအမျိုးသမီး (၃) ဦးကို စခန်းအတွင်း (၃) ရက်ကြာ ထိန်းသိမ်းထားပြီး စစ်သားများက အဓမ္မပြုကျင့်ကြသည်ဟု ပြောဆိုခဲ့သည်။ ရွှယ်ဂျာ၏ ခင်ပွန်းသည်က ခမရ ၃၂၁ တပ်ရင်းမှူးထံသို့ သူ့ဇနီးသည်အား လွှတ်ပေးရန် အကြိမ်ကြိမ် အသနားခံခဲ့သော်လည်း တစုံတရာ တုန့်ပြန်ခြင်းမရှိခဲ့ပေ။ ထိုအချိန်မှစ၍ ရွှယ်ဂျာတယောက် မည်သည့်နေရာတွင် ရှိသည်ကို မည်သူတဦးတယောက်ကမျှ မသိတော့ပေ။



၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ကချင်ရှေ့နေတဦးသည် ရွှယ်ဂျာ၏ ခွင်ပွန်းအား သူ့ဇနီးသည် မတရားဖမ်းဆီးမှုနှင့် ခမရ ၃၂၁ ကို နေပြည်တော်ဗဟိုတရားရုံးချုပ်တွင် အမှုဖွင့်ရန် ကူညီပေးခဲ့သည်။ ဖေဖေါ်ဝါရီလ ၂၃ ရက်နေ့တွင် အမှုကြားနာရန်အတွက် ရွှယ်ဂျယ် ခင်ပွန်းသည် နေပြည်တော်သို့ အရောက်လာခဲ့ရသည်။ သို့သော် အမှုကြားနာပွဲတွင် သူ့အား စကားပြောဆိုခွင့်မပြုပေ။ တရားရုံးတော်သည် ခမရ ၃၂၁ က ဒုဗိုလ်တယောက်၏ သက်သေ ထွက်ဆိုချက်ကိုသာ ကြားနာခဲ့သည်။ ၎င်းက တပ်စခန်းတွင် ရွှယ်ဂျာဟူသော အမည်ရသည့် အမျိုးသမီး တဦးတယောက်ကိုမှ ချုပ်နှောင်ထားခြင်းမရှိဟု ထွက်ဆိုခဲ့သည်။ နောက်ထပ် ရက်သတ္တပတ် နှစ်ပတ်အကြာတွင် အမှုအား ပယ်ဖျက်လိုက်သည်ဟူသော အမိန့်ကို တရားရုံးက ချမှတ်ခဲ့သည်။



ဗဟိုတရားရုံးချုပ်က ရွှယ်ဂျာ ပျောက်ဆုံးမှုတွင် တာဝန်ရှိသော စစ်တပ်အား တာဝန်ခံမှုဖေါ်ထုတ်ပေးရန် ပျက်ကွက်ခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် လွတ်လပ်သော တရားစီရင်မှုမရှိသည်ကို အရှင်းသားပြသလိုက်ခြင်းဖြစ်သည်။ ထို့အပြင် အစိုးရတွင်လည်း စစ်တပ်အား ၎င်းကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုဖေါ်ထုတ်ပေးရန် နိုင်ငံရေးဆန္ဒမရှိသည်ကို တွေ့ရသည်။

မကြာသေးမီက အသက် ၄၈ နှစ်အရွယ် ဖွားအေတယောက်အား ကျေးရွာဘုရားရှိခိုးကျောင်းတွင် အုပ်စုလိုက် မုဒိမ်းကျင့်ခဲ့ကြသည်။ ထိုအဖြစ်ကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ်သည် လိင်အကြမ်းဖက်မှုအား ဥပဒေအရ ကင်းလွတ်ခွင့်အပြည့်နှင့် စိတ်ချက်လက်ချ ကျူးလွန်နေသည်ကို အထင်အရှားတွေ့နိုင်သည်။

# အတင်းအဓမ္မပေါ်တာဆွဲခြင်း

တခြားတိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သော စစ်ရေးပဋိပက္ခများကဲ့သို့ပင် မြန်မာစစ်တပ်သည် ၎င်း၏ ဂုဏ်ပုဒ်တခုဖြစ်သော စက်ရုံ့ဖွယ် အတင်းအဓမ္မပေါ်တာဆွဲသည့် အလေ့အကျင့်ကို ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။ ကလေးများ၊ အမျိုးသမီးများနှင့် အသက်ကြီးရင့်သူများအပါအဝင် ကချင်တိုင်းရင်းသား အရပ်သားပြည်သူများသည် မြန်မာစစ်တပ်အတွက် ရိက္ခာများ သယ်ပေးနေရသည်။ အမျိုးသမီးများအား ပေါ်တာအဖြစ် ခိုင်းစေသည့်အပြင် လိင်ကျေးကျွန်အဖြစ်ပါ (အထက်တွင် ဖေါ်ပြထားသည့်အတိုင်း) ဖမ်းဆီးထားလေ့ရှိသည်။

စစ်သားများသည် ပေါ်တာများအား စစ်ကြောင်းများအရှေ့ သွားခိုင်းပြီး KIA ထောင်ထားသည့် မိုင်းရှိပါက ပေါက်ကွဲစေရန် လူသားဒိုင်းများအဖြစ် အသုံးပြုကြသည်။ KIA တပ်များ ပစ်မရအောင် ပေါ်တာများကို စခန်းသိမ်းတပ်များ အရှေ့တွင်လည်း ထားလေ့ရှိသည်။ ထိုသို့ အသုံးချခံခဲ့ရသော ပေါ်တာများက ၎င်းတို့သည် ပေါ်တာအဖြစ် ဖမ်းဆီးထားသည့် အချိန်အတွင်း ညှင်းပန်းနှိပ်စက်ခံရကြောင်း နှင့် အစားအစာ နှင့် သောက်ရေ ဝဝလင်လင် မရကြောင်း ပြောဆိုသည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် တပ်မ ၉၉ မှ စစ်သားများသည် သူ့အား ဖမ်းဆီးသွားပြီး သူ့ရွာမှ တခြားရွာသားများနှင့်အတူ စစ်စခန်းဆီသို့ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်ဟု အသက် ၁၉ နှစ်အရွယ် အမျိုးသား ငယ်တဦးက KWAT အချက်အလက်ကောက်ယူသူအား ပြောပြခဲ့သည်။ စစ်သားများက သူနှင့် တခြားဖမ်းဆီးလာသော ရွာသာများကို ကျည်ဆံ နှင့် ဆန်များကို ထမ်းခိုင်းပြီး တနေကုန် ခရီးဆက်ခိုင်းခဲ့သည်။ ညဖက်တွင် ကြိုးတုပ်ထားပြီး ဆောင်းတွင်း အလွန်အေးသော ရာသီဥတုတွင် စောင်မပါ အမိုးအကာမရှိ အပြင်တွင် အိပ်ခိုင်းခဲ့သည်။ ရွာသားများကို လေးညတိတိ ဖမ်းဆီးထားပြီး ထွက်ပြေးပါက ပစ်သတ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခ ဖြစ်စဉ်တခုလုံးတွင် အတိအကျပြောနိုင်သော အရာတခုမှာ ယခု အစီရင်ခံစာတွင် ဖေါ်ပြထားသော ချိုးဖောက်မှုများသည် တိုက်ဆိုင်မှုကြောင့်မဟုတ်၊ စစ်ရေးလှုပ်ရှားမှုမှ လွဲမရှောင်သာဖြစ်ပေါ်တက်သော အကျိုးဆက်များ မဟုတ်၊ တိုင်းရင်းသားပြည်သူများအပေါ် မြန်မာစစ်တပ် က တောက်လျှောက်ကျင့်သုံးလာခဲ့သော အမူအကျင့်တခု ဖြစ်သည်ဆိုသောအချက်ဖြစ်သည်။

ညှင်းပန်းနှိပ်စက်ခံခဲ့ရသော ပေါ်တာတဦးက သူနှင့် အခြား အရပ်သား ၇ ဦးအား စစ်တပ်အတွက် ရိက္ခာများသယ်ခိုင်းခဲ့သည်၊ သွားလိုရာသို့ သယ်ပို့ပေးပြီးသည်နှင့် ၎င်းတို့အား ကြိုးတုပ်၍ ရက်ရက်စက်စက် ရိုက်နှက်ကြသည်ဟု ပြောဆိုသည်။ ပေါ်တာများက ၎င်းတို့သည် သာမန်အပြစ်မဲ့ ပြည်သူများသာဖြစ်၍ မရိုက်ရန် တောင်းပန်သောအခါ " ရွာသားနှင့် KIA ဆိုတာ အတူတူပဲ။ အဲဒါကြောင့် မင်းတို့ကိုလည်း ရိုက်ရမယ်။" လို့ ပြောသည်။

# သတ်ဖြတ်ခြင်း

မြန်မာစစ်တပ်သည် ပဋိပက္ခဖြစ်စဉ်အတွင်း အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် အရပ်သား ပြည်သူများကို စနစ်တကျ ပစ်မှတ်ထား ဆက်လက်တိုက်ခိုက်နေဆဲဖြစ်သည်။ စစ်ဥပဒေများအရ အရပ်သား နှင့် လက်နက်ကိုင် တိုက်ခိုက်သူအကြား ခွဲခြားသတ်မှတ်ရမည်။ လက်နက်ကိုင်တိုက်ခိုက်သူများကိုသာ တရားဝင် ပစ်မှတ်ထား တိုက်ခိုက်ခွင့် ရှိသည်ဟူ၍ ပြဌာန်းထားသော စစ်ဥပဒေများကိုလည်း မြန်မာစစ်တပ်က ဖြောင်ကျကျ ချိုးဖောက် နေဆဲ ဖြစ်သည်။



အမျိုးသမီးတဦးအား ဘက်နက်နှင့် အသေထိုးသတ်ခဲ့သည့် အောက်ဖေါ်ပြပါဖြစ်ရပ်တခုကထိုလုပ် ရပ်ကို အတိအလင်း သက်သေပြလိုက်သည်။

# ဖြစ်ရပ်မှန်လေ့လာချက်

*၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင်မြန်မာစစ်တပ်သည် ကချင်ပြည်နယ် မန်စီမြို့နယ်တွင် ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်နွှဲခဲ့သည်။ ထိုအချိန်တွင် ယင်းဒေသသည် KIA တပ်မဟာ ၁၂ လက်အောက်တွင် ရှိသည်။ တိုက်ခိုက်မှုကြောင့် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကလေး၊ အမျိုးသမီးနှင့် အသက်အရွယ်ကြီးရင့်သူ အပါအဝင် ခါပရာကျေးရွာမှ ရွာသား ၃၄ ဦးသည် ရွာနှင့် နှစ်မိုင်ဝေးသော သစ်တောအတွင်းသို့ ပုန်းခိုရန် ထွက်ပြေးခဲ့ကြသည်။ ဒီဇင်ဘာလ ၅ ရက်နေ့တွင် မြန်မာစစ်တပ်များ၏ ထိုးစစ်အရှိအဟုန် ဆက်မြင့်လာသောကြောင့် လက်ရှိနာခိုးရာနေရာထက် ပိုလုံခြုံမည်ဟုယူဆရသော လုံဘုံခရေ့ သို့ ရွာသာများ ပြောင်းရွှေ့ခဲ့ကြသည်။ လုံဘုံခရေ့သို့ရောက်ချိန်တွင် ပလစတစ်အမိုးများနှင့်ယာယီတဲထိုးနေကြသည်။*



*ဒီဇင်ဘာ ၆ ရက်နေ့ ညနေ ၅ နာရီခွဲတွင် ပုန်းခိုနေရာတောအုပ်အတွင်း ကလေးများဆော့ကစားသံ၊ မိသားစုများ စကားပိုင်းဖွဲ့သံများနှင့် သက်ဝင်နေခဲ့သည်။ ရုတ်ချည်းဆိုသလို စစ်သား အယောက် ၂၀၀ ခန့်သည် မမြင်ရသော နေရာများမှ ထွက်ပေါ်လာခဲ့ပြီး လုံဘုံခရေ့အတွင်း ခိုအောင်းနေသော အိုးအိမ်မဲ့ကချင်ရွာသားများကို လက်နက်ငယ် များနှင့် တစလပ် ပစ်ခတ်တော့သည်။ သေနတ်သံကြားသည်နှင့် ရွာသားများ ရောက်တက်ရာရာ အသက်လု ပြေးလွှား ခဲ့ကြသည်။ ရွာသားတော်တော်များများ ဒဏ်ရာရခဲ့သည်။ သို့သော် ထွက်မပြေးနိုင်သော ရွာသား လေးဦးတော့ ကျန်ခဲ့သည်။ ထိုသူများမှာ အသက် ၃၈ နှစ်အရွယ် ကချင်အမျိုးသမီး ဆမ်ခ ဂျီ တောင်၊ အသက် ၂၄ နှစ်အရွယ် သူမသား ဇောင်ဂွမ်မိုင်၊ အသက် ၂၅ နှစ်အရွယ် အမျိုးသမီး လဗျတောင်မိုင် နှင့် အသက် ၄ နှစ်အရွယ် သူမသမီး ဆိုင်းပန်တို့ ဖြစ်သည်။*

*အသက်ဘေးမှ လွတ်မြောက်လာသူ ဆမ်ခဂျီတောင်၏ ခင်ပွန်းဖြစ်သူ လဖိုင်ဇော်ဘောက်က ငရဲပျက်သည့် အဲဒီနေ့ကို အခုလို ပြန်ပြောင်းပြောပြခဲ့သည်။ "တောထဲမှ လမ်းလျှောက်လာသလိုမျိုး ခြေသံကျနော်ကြားရတာနဲ့ သစ်ပင်နောက်မှာ မတ်တပ် ရပ်ရင်း ဘယ်နေရာကနေက အသံလာသလဲလို့ ရှာကြည့်တယ်။ အဲဒီ အချိန် မှာပဲကျနော် သေနတ် ပစ်သံ တွေကို ကြားလိုက် ရတယ်။ ကျည်ဆံက ကျနော့်ကိုတော့ မထိဘူး ကျနော်ကိုင်ထားတဲ့ သစ်ကိုင်းကိုပဲ ထိပြီးသစ်ကိုင်း ကျိုးကြပြီး မြေကြီးပေါ်ကျသွား တယ်။ အဲဒီအချိန်မှာကျနော့် မိန်းမကကလေးနို့တိုက် နေတယ်။ သေနတ်သံကြားတာနဲ့ လေးနှစ်အရွယ် ကျနော့် သား ဇောင်တူးကို ကမန်းကတန်း ချီပြီး ကလေးကို ကာပေးထားတဲ့ ကျနော့်မိန်းမကို ဆွဲပြီး ပြေးစို့ ဆိုပြီး ပြေးထွက်ခဲ့တယ်။ကျနော် တို့ပုန်းတဲ့နေရာမှာ သေနတ် သံကို ၁၅မိနစ်လောက် တောက်လျှောက် ကြားခဲ့ ရတယ်။*



*လဖိုင်ဇော်ဘောက်သည် သားငယ်နှင့် အတူလုံဘုံခရေ့ ယာယီစခန်းနှင့် သိပ်မဝေးသော ခြုံဖုတ်ထဲတွင် ပုန်းနေခဲ့သည်။ မိသားစုများထွက်ပြေးအပြီး ယာယီစခန်းအတွင်းသို့ စစ်သားများ ဝင်ရောက်လာသည်ကို သူနှင့် တခြား ရွာသားများ မြင်တွေ့ခဲ့ရသည်ဟု ပြောဆိုခဲ့သည်။ ည (၇) နာရီခန့်တွင် အမျိုးသမီးတဦး သုံးကြိမ်ညည်းသံ သူကြားလိုက်ရသည်။ ထို့နောက် ဘာသံမှ ဆက်မကြားရတော့ပေ။ နောက်တနေ့မနက်တွင် လဖိုင်ဇော်ဘောက်သည် သူ့မိသားစုဝင်များကို လိုက်ရှာကြည့်သည့်အခါ သူ့အမျိုးသမီး၊ မွေးကင်းစကလေးငယ်၊ သူ့တူမ လဗျတောင်မိုင် နှင့် သမီးဖြစ်သူတို့ သူတို့နှင့်အတူ လိုက်ပါလာခြင်း မရှိသည်ကို သူ သိလိုက်ရသည်။ ထို့နောက် ဒီဇင်ဘာ (၇) ရက်နေ့ မနက်ခင်း ၉ နာရီ နှင့် ၁၀ နာရီ အကြားတွင် စစ်သားများ နေရာမှ ထွက်ခွာသည်နှင့်တပြိုင်နက် လဗျတောင်မိုင်၏ဖခင် သူ့ဦးလေး ဘရန်နူးနှင့် အတူယာယီတဲစခန်းသို့ ပြန်ခိုးဝင်ခဲ့ရာ မွေးကင်းစကလေးငယ် နှင့် အသက် ၄ နှစ်အရွယ်*

*သမီးငယ်၏ ငိုသံကြားလိုက်ရသည်။ လဖိုင်ဇော်ဘောက်၏ သားသည် တညလုံးငိုကြွေးထားရသဖြင့် အသံပင် မထွက်နိုင်တော့ပဲ အသံယဲ့ယဲ့သာထွက်တော့သည်။ အန္တရာယ်ရှိနေသေးသော်လည်း ဇော်ဘောက်နှင့် တောင်မိုင်အဖေ ဘရန်နူးတို့သည် ငိုနေသောကလေးနှင့် သမီးငယ်ကို အရှာထွက်ခဲ့ကြသည်။*

*ပထမဦးဆုံးတွေ့လိုက်ရသည်မှာ ကျောက်တုံးနှစ်တုံးကြားမှာ လဲနေသည့် ဆမ်ခဂျီတောင်၏ ရုပ်အလောင်းကို တွေ့လိုက်ရသည်။ ဘက်ဖက်နှင့် ဘယ်ဖက်ကနေ ညာဖက် နံရိုးအထိ အထိုးခံခဲ့ရဟန်တူသော ဒဏ်ရာနှင့်အတူ တကိုယ်လုံး ဖူးယောင်နေသည်။ ညာဖက်ရင်ဖက်တွင်လည်း အညိုအမဲကွက်များတွေကရသဖြင့် လေးပင်သည့် အရာဝတ္ထုနှင့် ထုရိုက်ခံထားရသည့်ပုံပေါ်သည်။*

*ဆမ်ခဂျီတောင်၏ အလောင်းနဘေးတွင် အနီးနှင့်ထုပ်ထားသည့် သူမ၏ မွေးကင်းစကလေးငယ်ကို တွေ့ရသည်။ နီးရာတဲတခုမှ စောင်တထည်ယူပြီး ကလေးကို ထွေးပေးလိုက်သည်။ တညလုံး အေးစက်သော ရာသီဥတုဒဏ်ကို ကလေးခံထားရပုံရသည်။ အသက်လေးနှစ်သမီး ဆိုင်းပန်းက ကလေးနဘေးတွင် ထိုင်နေသည်။ လဇျတောင်မ်မိုင်ကို မတွေ့ရသေးပေ။ ပလက်စတစ်ဖြင့် ဆောက်ထားသော သူတို့ယာယီတဲတခုလုံး ကြေမွနေသည်။ အမိုးတချို့ကိုလည်းစစ်သားများယူသွားသဖြင့်မတွေ့ရတော့ချေ။ ကလေးများကိုကမန်းကတန်းခေါ်ပြီး နီးစပ်ရာတောစပ်သို့ ထွက်ပြေးခဲ့ကြသည်။ ထို့နောက် လူသွားလမ်းတ လျှောက် ဟိုတစ ဒီတစပြန့်ကြဲနေသော လဇျတောင်မိုင်၏ အဂတ်စများ ကို တွေ့ခဲ့ရသည်။*

*လဇျတောင်မိုင်၏ အဖွားဖြစ်သူ ဆွမ်ခကော့က သူ့မြေးမသည် ပစ်ခတ်မှုများ စချိန်တွင် ခြေထောက်ကို သေနတ်ဒဏ်ရာရသည်ကို သူတွေ့လိုက်ကြောင်း နှင့် ယာယီတဲစခန်းများမှ အသက်လုပြေးရာတွင် သူမ ကျန်ခဲ့ကြောင်း ပြောပြသည်။ အဖွားဖြစ်သူကိုယ်တိုင်လည်း တင်ပါးတွင် သေနတ်ဒဏ်ရာရခဲ့သော်လည်း လွတ်အောင် ထွက်ပြေးနိုင်ခဲ့သည်။ အသက်လေးနှစ်သမီး ဆိုင်းပန်းက သူ့ဆွေမျိုးတွေကို ပြောပြရာတွင် မြန်မာစစ်သားများသည် သူ့မိခင်အား ဆေးများပေးသည်ကို တွေ့ရကြောင်း နှင့် ထို့နောက် အဲဒီနေရာကနေ ဖမ်းဆီးသွားသည်ကို သူတွေ့ရကြောင်း ပြောပြသည်။*

ယခုအဖြစ်အပျက်တခုလုံးတွင် တောထဲတွင် ပုန်းခိုနေသော ပြည်သူများအား မည်သို့မှ KIA စစ်သားများနှင့် မမှားနိုင်ပေ။ စစ်သားများသည် ရွာသားများကို မတိုက်ခိုက်ခင်တွင် ကလေးများ၏ ဆော့ကစားသံ၊ ရွာသားများ၏ သွားလာလှုပ်ရှားသံကို အနီးကပ် မြင်ရ၊ ကြားရမှာ ဖြစ်သည်။ ထို့ကြောင့် ထိုသူများသည် အိုးအိမ်မဲ့ အရပ်သားပြည်သူများဖြစ်သည်ကို အထင်သား မြင်တွေ့နိုင်သည်။ ထိုပစ်ခတ်မှုသည် အရပ်သားများကို ရည်ရွယ်ချက်ရှိရှိနှင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်သည်။ ထို့အပြင် ဆမ်ခဂျီတောင်သည် အဝေးမှ ကျည်ဆံမှန်၍ သေဆုံးခြင်းမဟုတ် သူမ၏ ကလေးနဘေးတွင် အနီးကပ် အသတ်ခံရခြင်း ဖြစ်သည်။



# အခြေခံလူ့ အခွင့်အရေးကို ချိုးဖောက်ခြင်း

မြန်မာနိုင်ငံ၏ဖုန်းကွယ်ထားသောစစ်ပွဲ၊ ကချင်တိုင်းရင်းသားပြည်သူများအပေါ် ချိုးဖောက်မှုများ အစီရင်ခံစာတွင် ဆွေးနွေး၊ ဖေါ်ပြထားသည့်အတိုင်း ချိုးဖောက်မှုများသည် စစ်ရာဇဝတ်မှု နှင့် လူသားမျိုးနွယ်တခုလုံးအပေါ် ဆန့်ကျင်ကျူးလွန်ခြင်းအပြင် ကချင်တိုင်းရင်းသားများသည် အခြေခံလူ့အခွင့်အရေးများစွာကိုလည်း ချိုးဖောက်ခံ နေရသည်။ ထိုအခွင့်အရေးများအနက် အသိသာဆုံး ချိုးဖောက်မှုတခုမှာ ခရစ်ယန်ဘာသာဝင် အများစုဖြစ်သည့် ကချင်တိုင်းရင်းသားများ၏ လွတ်လပ်စွာကိုးကွယ်ခွင့်အား စစ်အစိုးရက ကန့်သတ်နေခြင်း ဖြစ်သည်။ ဘုရားရှိခိုးကျောင်းများအား ဖျက်ဆီးပစ်ခြင်း၊သင်းအုပ်ဆရာများနှင့် တခြား ဘာသာရေး ခေါင်းဆောင်များ ကိုတိုက်ခိုက်ခြင်း နှင့် ဆုတောင်းဝတ်ပြုသူများကို ခြိမ်းခြောက်ခြင်း စသည်တို့ လုပ်ဆောင်နေသည်။ ခရစ်ယန်ဘာသာရေးအပေါ် နှိပ်ကွပ်မှုများ နှင့် နှစ်ပေါင်းများစွာကြာ တည်ရှိလာခဲ့သော ဘုရားရှိခိုးကျောင်းများအား ကန့်သတ်မှုများ လုပ်ဆောင်နေခြင်း အသစ်မဟုတ်တော့သော်လည်း ဒေသအတွင်း မြန်မာစစ်တပ်များ ထပ်တိုးချထားခြင်းကြောင့် ၎င်းဖိနှိပ်မှုများ ပို၍ ဆိုးဝါးလာစေသည်။

ကချင်ပြည်နယ်၊ပိုင်းမော်မြို့နယ်၊ ကစုကျေးရွာတွင် တိုက်ပွဲများစတင်ပြီး မရှေးမနှောင်းတွင် အလွန်စိတ်ခြောက်ခြား ဖွယ်ဖြစ်ရပ်တခု ဖြစ်ပွားခဲ့သည်။ ကစုကျေးရွာတွင် ရွာသား ၆၄၃ ဦးနေထိုင်သည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ရွာသားများအား ဘုရားရှိခိုးကျောင်း တပိုက်တွင် မိုင်းများထောင်ထားသဖြင့် ဘုရားကျောင်းသို့ မသွားရန် တားမြစ်ခဲ့သည်။ ကျေးရွာအနီးတပ်ဆွဲထားသော တပ်မ ၅၈ နှင့် ၃၁၈ တို့က မိုင်းထောင်ထားခြင်း ဖြစ်သည်။ ဘုရားကျောင်းလူကြီးများက ပြည်နယ်အစိုးရအရာရှိတဦးထံသို့ မိုင်းများပြန်ဖယ်ပေးရန်၊ ဘုရားဝတ်ပြုခွင့်ပေးရန် စာရေးတောင်းဆိုခဲ့သည်။ စက်တင်ဘာ ၁၄ ရက်နေ့တွင် မြန်မာစစ်တပ် ဗိုလ်ချုပ်ကြီး တင်ဇော်က ဘုရားရှိခိုးကျောင်းသည် ယခုအချိန်တွင် အန္တရာယ် မရှိတော့ကြောင်း ကစုကျေးရွာသူကြီးအား ပြောခဲ့သည်။ သို့သော် တရားဝင်ထုတ်ပြန် အသိပေးခြင်းတော့ မရှိသဖြင့် ရွာသားများသည် မိုင်းအန္တရာယ်ကြောက်သဖြင့် ဘုရားရှိခိုး ကျောင်းအနီးသို့ သွားရောက်ခြင်း မပြုကြချေ။ ရွာသူကြီးက လမ်းမိုင်းများ ရှင်းလင်းထားပြီဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ စစ်တပ်အရာရှိက ရွာသူကြီးအား "မင်း စကားကို ဆင်ဆင်ခြင်ခြင်ပြော၊ တသက်လုံး ထောင်ထဲမှာ အရိုးဆွေးသွားမယ်။ နောက်တခါ မင်းထပ်ပြောရင် မင်း သေသွားမယ်မှတ်ထား။" ဟု ကြိမ်းမောင်းခဲ့သည်။ လက်တလော အခြေအနေတွင် အိမ်ထောင်စု ၁၁၇ စုအနက် ၈ စုသာ ရွာတွင် ဆက်နေထိုင်ပြီး ကျန်မိသားစုများမှာ မြို့ကြီးများတွင် ပြောင်းရွှေ့ခိုလှုံနေကြသည်။

ကချင်ရွာသားအများအပြားသည်လည်း လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် ပိတ်ပင်ထားခြင်း ခံနေရသည်။ ရွာပြင်ပသို့ ခရီးထွက်သူတိုင်းသည် စစ်တပ်၏ ဖမ်းဆီးမှု၊ မုဒိမ်းကျင့်ခံရမှု၊ ပေါ်တာအဖြစ် ဖမ်းဆီးမှု စသည့်အန္တရာယ်များ ကြုံတွေ့ရနိုင်သည်။ ခရီးသွားများသည် KIA စစ်သားများ (သို့မဟုတ်) သတင်းပေးများအဖြစ် သံသယ အထင်ခံရပြီး ညှင်းပန်းနှိပ်စက်ခြင်း (သို့မဟုတ်) သတ်ဖြတ်ခြင်းပင် ခံရတက်သည်။ ဥပမာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် တပ်ရင်း ၃၃ က ဖွင့်ထားသော စစ်ဆေးရေးဂိတ်နှင့် သူဆုံခဲ့သည်ဟု ထွယ်အောင်က KWAT အချက်အလက်စုဆောင်းသူအား ပြောပြခဲ့သည်။ ခရီးသွားအားလုံးသည် စစ်ဆေးရေးဂိတ်တွင် အားလုံးရပ်ရပြီး စစ်သားများမေးသည့်

မေးခွန်းများကို ဖြေရသည်။ စစ်သားများက သူနှင့် တခြား ကချင်အရပ်သားများကို ကန်ကြောက်သည်ဟု ပြောပြသည်။ လမ်းနဘေး နှင့် ရွာအနီးတဝိုက် မိုင်းထောင်ခြင်း အပါအဝင် ထိုသို့ အနိုင်ကျင့်ဆက်ဆံမှုများကြောင့် ရွာသားများသည် စိုက်ခင်းများ ကြည့်ရန်အတွက်ပင် ရွာပြင်သို့ မထွက်ရဲဖြစ်နေကြသည်။

# နိုင်ငံတွင်း အိုးအိမ်မဲ့ ပြည်သူများ၏ အခြေအနေ

ကချင်ပြည်နယ်နှင့် ရှမ်းပြည်အတွင်း လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားသော ဒေသအတွင်း နေထိုင်သော ရွာသားအများ အပြားသည် ၎င်းတို့ကျေးရွာများကို စွန့်ခွာထွက်ပြေးနေကြရသဖြင့် အိုးအိမ်မဲ့ပြည်သူပေါင်း ၇၅၀၀၀ ကျော်အထိ တိုးများလာခဲ့သည်။ တချို့ရွာသားများသည် စစ်တပ်က ၎င်းတို့အိမ်များကို မီးရှို့ပစ်ခြင်း၊ ရပ်ရွာအနီး နှင့် စိုက်ခင်းများဝန်းကျင်တွင် မိုင်းများထောင်ထားသဖြင့် အိုးအိမ်မဲ့ထွက်ပြေးလာကြသူများဖြစ်သည်။ ရွာတွင်ဆက်နေပါက ပေါ်တာအဆွဲခံရနိုင်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများ ခံရနိုင်သောကြောင့် ထွက်ပြေးလာရသူများလည်း ဖြစ်ကြသည်။ တိုက်ပွဲများဆက်လက်ပြင်းထန်လာသဖြင့် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း နိုင်ငံတွင်းအိုးအိမ်မဲ့ပြည်သူဦးရေ ပိုတိုးများလာနေသည်။

ထွက်ပြေးလာသော အရပ်သားပြည်သူအများစုသည် တရုတ်နိုင်ငံနယ်စပ်တလျှောက် KIA ထိန်းချုပ်ရာဒေသအတွင်းရှိ ယာယီဒုက္ခသည်စခန်းများတွင် ခိုလှုံနေကြပြီး ၎င်းတို့အတွက် လူသားချင်းဆိုင်ရာ အကူအညီများ အရေးတကြီးလိုအပ်နေသည်။ အထူးသဖြင့် အစားအစာနှင့် ဆေးဝါးဖြစ်သည်။ စစ်အစိုးရသည် အကူအညီလိုအပ်နေသော ပြည်သူများထံသို့ လိုအပ်သော အကူအညီများမရောက်နိုင်အောင် လပေါင်းများစွာ ပိတ်ပင်ထားခဲ့ပြီး မတ်လ နှင့် ဧပြီလတွင် UN အဖွဲ့တချို့အား ဒုက္ခသည်စခန်းများသို့ အထောက်အပံ့အနည်းငယ် ပို့ဆောင်ကူညီခွင့်ပေးခဲ့သည်။ သို့သော် လတ်တလော အချိန်တွင် တိုက်ခိုက်မှုများ ပြင်းထန်လာသဖြင့် မေလတွင် စခန်းအတွင်းသို့ UNမှ အကူအညီပေးမှုများ အကန့်အသတ်ဖြစ်ခဲ့ရသည်။

ဒုက္ခသည်စခန်းများတွင် ခိုလှုံနေသူများအပြင် မြို့ကြီးများပေါ်သို့ တက်၍ ခိုလှုံနေရသူအများအပြားလည်း ရှိသည်။ ဘုရားရှိခိုးကျောင်းနှင့် တခြားကူညီပေးနေသူများတွင်လည်း နိုင်ငံတွင်း အိုးအိမ်မဲ့ပြည်သူများအတွက် အကူအညီများ တစစ ရှားပါးလာနေပြီဖြစ်သည်။ တခြားစိုးရိမ်ရသော အခြေအနေတခုမှာ ပဋိပက္ခ၏ အကျိုးဆက်တခုဖြစ်သည့် လူကုန်ကူးခြင်းဖြစ်သည်။ ဒုက္ခသည်များနှင့် အိုးအိမ်မဲ့ပြည်သူများတွင် ဝင်ငွေရနိုင်သော အခြေအနေအလွန်နည်းသည့်အပြင် အနာဂတ်အတွက် မရေရာသဖြင့် ၎င်းတို့သားသမီးများနှင့် ၎င်းတို့ကိုယ်တိုင်အတွက် မြန်မာနိုင်ငံပြင်ပ အလုပ်အကိုင်နှင့် ပညာရေး အခွင့်အလန်းများအတွက် လူကုန်ကူးသူများ၏ လှည့်စားမှုအောက် ကျရောက်သွားတက်သည်။ တဆက်တည်းတွင် ကျေးရွာများမှ စွန့်ခွာထွက်ပြေးကြရသဖြင့် လူမှုအသိုင်းအဝန်းစည်းနှောင်မှု ပျက်ပြယ်သွားခြင်း၊ မိသားစုများ တကွဲတပြားဖြစ်သွားခြင်း ကြောင့် လူကုန်ကူးမှု၏ သားကောင်များအဖြစ် အလွယ်တကူ ကျရောက်သွားနိုင်သည်။



# အကြံပြုချက်များ

မြန်မာအစိုးရ

- ကချင်တိုင်းရင်းသားပြည်သူများအပေါ် ကျူးလွန်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများ ချက်ချင်း ရပ်တန့်ရန်
- ကချင်တိုင်းရင်းသားများနှင့် တခြား တိုင်းရင်းသားအား ထိုးစစ်ဆင်တိုက်ခိုက်မှုများ ရပ်တန့်ရန်နှင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသအတွင်းမှ တပ်များ ရုပ်သိမ်းပေးရန်
- စစ်မှန်သောနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုရှေ့ရှုနိုင်ရန်အတွက်တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ စုဖွဲ့ထားသော ညီညွတ်သောတိုင်းရင်းသားများဖယ်ဒရယ်ကော်စီ (UNFC) နှင့် တွေ့ဆုံဆွေးနွေးရန်။ ၎င်းဆွေးနွေးရေးလုပ်ငန်းစဉ်တွင်လည်း အမျိုးသမီးများအပါအဝင် သက်ဆိုင်သူများအားလုံး ပါဝင်ခွင့်ပေးရန်။
- ကချင်ပြည်နယ်အတွင်းရှိ အိုးအိမ်မဲ့ပြည်သူများနှင့် တခြားအရပ်သားပြည်သူများအတွက် လူသားချင်း အကူအညီပေးခြင်းကို ကူညီဆောင်ရွက်ပေးရန်။

တရုတ်အစိုးရ

- မြန်မာနိုင်ငံအတွင်းရှိ တခြားနေရာများနှင့် ကချင်ပြည်နယ်အတွင်း အကြမ်းဖက်မှုကြောင့် ထွက်ပြေးလာရသော ဒုက္ခသည်များအတွက် လူသားချင်းစာနာသော အကူအညီ နှင့် ခိုလှုံခွင့် ထောက်ပံ့ပေးရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုအန္တရာယ်ရှိသော နေရာများသို့ ဒုက္ခသည်များပြန်ပို့ခြင်းကို ရှောင်ရှားရန်။

အရှေ့တောင်အာရှနိုင်ငံများအသင်း

- ကချင်တိုင်းရင်းသားများနှင့် တခြားတိုင်းရင်းသားပြည်သူများအပေါ် မြန်မာအစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှုံ့ချရန်၊ ၎င်းလူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ပစ်ရန် စစ်အစိုးရကို တောင်းဆိုရန်။
- မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌ တာဝန်မယူသေးခင် တနိုင်ငံလုံး အပစ်အခတ်ရပ်ဆဲရေးကို အကောင်အထည်ဖေါ်ပေးရန်၊ တိုင်းရင်းသားဒေသများအတွက် တပ်ဆွဲထားသော အစိုးရတပ်များ ပြန်လည် ရုပ်သိမ်းပေးရန် နှင့် စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အတွက် UNFC နှင့် တွေ့ဆုံဆွေးနွေး ရန်တို့အတွက် မြန်မာအစိုးရအား တောင်းဆိုရန်။


နိုင်ငံတကာအသိုင်းအဝန်း

- ကချင်တိုင်းရင်းသားများနှင့် တခြားတိုင်းရင်းသားပြည်သူများအပေါ် မြန်မာအစိုးရ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှုံ့ချရန်၊ ၎င်းလူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ပစ်ရန် စစ်အစိုးရကို တောင်းဆိုရန်။


- တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးရရှိသည့်အချိန်၊ထိုဒေသများမှမြန်မာစစ်တပ်များပြန်လည်ဆုတ်ခွာ သွားသည့်အချိန်၊ တိုင်းရင်းသားများ၏ ရပိုင်ခွင့်များကို အာမခံသော တာရှည်ခံ နိုင်ငံရေး သဘောတူ ညီချက်များ ရယူပြီးသည့်အချိန်အထိ တိုင်းရင်းသားဒေသများအတွင်း ရင်းနှီးမြှုပ်နှံမှုများကို ရပ်ဆိုင်းထားရန်။
- နိုင်ငံတွင်းအိုးအိမ်မဲ့ပြည်သူများနှင့် စစ်ကြောင့်ထွက်ပြေးလာသော ဒုက္ခသည်များအတွက် လူသားချင်း အကူအညီများ ချက်ချင်းကူညီပေးရန်။




ပြည်တွင်းစစ်ဖြစ်ပွားနေမှုကြောင့် အိုးအိမ်စွန့် ခွာထွက်ပြေးနေရတာသော
ကချင်ဒုက္ခသည်များယာယီ တည်းခိုသည့် စခန်း



## ကချင်ပြည်နယ်အတွင်းရှိ အစိုးရစစ်တပ်များ




မြန်မာစစ်အစိုးရ၏ စစ်လေယာဉ် လာရောက်တိုက်ခိုက်သော နေရာ

2011 ဂျွန်လမတိုင်ခင် ရှိနေသော အစိုးရစစ်တပ်များ

2011 ဂျွန်လနောက်ပိုင်း ထပ်တိုးလာသော အစိုးရစစ်တပ်များ






2011ခုနှစ် အောက်တိုဘာလတွင် ကချင်အမျိုးသမီး အစည်းအရုံးမှ “မြန်မာပြည် ဖုံးကွယ်စစ်ပွဲ- ကချင်လူမျိုးများအပေါ် ရက်စက်မှုများ” အစီရင်ခံစာကို ထုတ်ဝေခဲ့ပါသည်။

အစီရင်ခံစာကို အောက်ပါ လင့်တွင် သွားရောက်ဖတ်ရှု နိုင်ပါသည်။
.....

ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံ
(KWAT)

P.O.Box415, Chiang Mai 50000, Thailand
+66(0)897-5598-92
kwat@loxinfo.co.th
www.kachinwomen.com



Published in June,2012